**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com

## မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ မကဒတ -ကျောင်းသားတပ်မတော် တည်ထောင်ခြင်း နှစ် (၃၀) ပြည့် အခမ်းအနားသို့ ချင်းအမျိုးသားတပ်ဦး မှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ

******

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၀၁) ရက်

ယနေ့ နိုဝင်ဘာလ (၀၁) ရက်နေ့သည် (၈၈၈၈)ဒီမိုကရေစီ အရေးတော်ပုံကြီးမှ လူထု၊ လူတန်းစား ပေါင်းစုံ၊ အလွှာ ပေါင်းစုံကို အခြေခံ၍ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရေး၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေး အတွက် သန္ဓေတည် ပေါက်ဖွား လာခဲ့သည့် **မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ မကဒတ - ကျောင်းသား တပ်မတော် တည်ထောင်ခြင်း** နှစ် (၃၀) ပြည့် နေ့ထူးနေ့မြတ် ဖြစ်သကဲ့သို့ မကဒတ တည်ထောင်ခြင်း နှစ် (၃၀) ပြည့် အခမ်းအနား ကျင်းပနိုင်ခြင်းအပေါ် အထူး ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

မကဒတသည် ချင်းအမျိုးသားတပ်ဦးနှင့် နှစ်ပေါင်းများစွာ တစ်လှေတည်းစီး တစ်ခရီးတည်းသွား၍ နှစ် (၃၀) ကြာ ခွပ်ဒေါင်းအလံကို မလှဲတမ်း စွဲမြဲစွာ စွဲကိုင်ရင်း အတူတကွတိုက်ပွဲဝင်လာခဲ့သော ညီနောင် လက်နက်ကိုင်တော်လှန်ရေး မဟာမိတ်အဖွဲ့အစည်း ဖြစ်သည်။ တော်လှန်ရေးကာလ တစ်လျှောက်တွင် မိမိ၏အသက်ကို ပဓာနမထားပဲ စတေးခဲ့ကြသော အာဇာနည်ကျောင်းသား ရဲဘော်ရဲမေများအား လေးစားဂါရဝပြုအပ်ပါသည်။

နှစ်ပေါင်း (၆၀) ကျော်ကြာ ပြည်တွင်းနိုင်ငံရေးပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် အဓိပ္ပာယ်ပြည့်ဝ သော နိုင်ငံရေးဆွေးနွေးပွဲများကို ဖော်ဆောင်ရန်၊ ယင်းနိုင်ငံရေးဆွေးနွေးပွဲရလဒ်များ မှတဆင့် ပြည်သူ လူထုတစ်ရပ်လုံး၏ ဘုံအကျိုးစီးပွားရရှိရေးအတွက် ဆောင်ရွက်ရာတွင် ကြုံတွေ့လာနိုင်သည့် မည်သည့် အခက်အခဲ၊ အတားအဆီးမျိုးစုံကိုမဆို ညီနောင်လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် အတူတကွ ရပ်တည်ကာ ရင်ဆိုင်ကြရန်နှင့် ဤနှစ် (၃၀) ပြည့်မှသည် မကဒတ၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင်မြင်ပါစေကြောင်း ဆန္ဒပြုရင်း ဤဂုဏ်ပြုသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
ဂိတ်ိုရိယ ဗဟိုဌာနချုပ်၊ ချင်းလဲန်